

# ရန်ကုန်တိုင်း လူထုလှုပ်ရှားမှုအဖွဲ့
# ကြေငြာချက် အမှတ်(၄)

ရက်စွဲ။ ။ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်

၁။ (၃၀)ရက် (၁)လ (၂၀၀၈)နေ့၌ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ တွေ့ဆုံစဉ် ဒေါ်အောင်ဆန်းစုကြည်၏ ဆက်ဆံရေးဝန်ကြီးဦးအောင်ကြည်နှင့်တွေ့ဆုံမှုကို ကျေနပ်အားရမှု မရှိခြင်း၊ အချိန်ဇယားပါဝင် တွေ့ဆုံမှု ပြုလုပ်ရန်၊ တိုင်းရင်းသားကိစ္စမှာ အလွန်အရေးပါသည့်အတွက် နအဖ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသား ခေါင်းဆောင်များပါဝင်သည့် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ရန်၊ အဖွဲ့ချုပ်အဖွဲ့ဝင်များနှင့် ပြည်သူများသည် အကောင်းဆုံးကို မျှော်လင့်သလို အဆိုးဆုံးကို ရင်ဆိုင်ဖို့ ပြင်ဆင်ထားရန်ဆိုသည့် ပြောကြားချက်များမှာ ယနေ့မြန်မာနိုင်ငံအခြေအနေနှင့် အလွန်ကိုက်ညီလျက် ရှိနေသည်အတွက် ရန်ကုန်တိုင်းလူထုလှုပ်ရှားမှုအဖွဲ့က လေးလေးနက်နက် ကြိုဆိုလိုက်သည်။

၂။ နှစ်ဖြိုဝပြည့် လွတ်လပ်ရေးနေ့က လူထုလှုပ်ရှားမှုကြီးကြပ်ရေးကော်မတီက ပြည်ထောင်စုနေ့ နောက်ဆုံးထား တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ရန် နအဖခေါင်းဆောင်များအား တိုက်တွန်းခဲ့ပြီး ဖြစ်သည်။ ထို့အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၂၀၀၈ ခုနှစ်ကို အမျိုးသား ပြန်လည်သင့်မြတ်ရေးနှစ်အဖြစ် သတ်မှတ်ခဲ့သည်။ ကမ္ဘာ့မိသားစုကြီးမှလည်း မျှော်လင့်လျက်ရှိသည်။

၃။ သို့ပါ၍ နအဖခေါင်းဆောင်များအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအပါအဝင် ကမ္ဘာ့မိသားစုကြီး၏တိုက်တွန်းချက်ကို အလေးထားပြီး ကမ္ဘာ့အလယ်၌ မြန်မာနိုင်ငံ၏ဂုဏ်သိက္ခာ မညှိုးနွမ်းစေရန် ပြည်သူလူထု တွေ့ကြုံခံစားနေရသော ခါးသီးလှသည့် လူမှုဒုက္ခအဝဝကို ယခုထက် ပိုမိုပြီး မဆိုးရွားလာစေရန်၊ ပြည်သူလူထုအုံကြွမှု မဖြစ်ပေါ်လာစေရန် နအဖ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် တိုင်းရင်းသား အဖွဲ့အစည်းပေါင်းစုံ ပါဝင်ပြီး ကျယ်ပြန့်ပြီး စစ်မှန်သောတွေ့ဆုံဆွေးနွေးပွဲကို (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ နောက်ဆုံးထား၍ စတင်ဆောင်ရွက်ရန် ရန်ကုန်တိုင်းလူထုလှုပ်ရှားမှုအဖွဲ့မှ အနူးအညွတ် တိုက်တွန်းအပ်သည်။

၄။ ရွှေဝါရောင်တော်လှန်ရေးမှ ပေါက်ဖွားလာသော လူထုလှုပ်ရှားမှုအဖွဲ့အစည်းများနှင့် ပြည်သူအပေါင်းတို့သည် အကောင်းဆုံးကို မျှော်လင့်သလို အဆိုးဆုံးကို ရင်ဆိုင်ရန်အတွက် ခိုင်မာသောညီညွတ်မှုနှင့် ပြင်ဆင်ထားကြရန် တိုက်တွန်းအပ်သည်။

**ရန်ကုန်တိုင်းလူထုလှုပ်ရှားမှုအဖွဲ့**